www.burmeseclassic.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

# ၂၀၁၄ ခုနှစ်

# ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ

၂၀၁၄ ခုနှစ် မေ လ

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

# ၂၀၁၄ ခုနှစ်
# ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ

၂၀၁၄ ခုနှစ် မေ လ

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ

## မာတိကာ


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၁ မှ ၂ | အမည်၊ စတင်အကျိုးသက်ရောက်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁-၄ |
| ၂ | ၃ | ကောက်ခံရန် အခွန်လျာထားချက် | ၄ |
| ၃ | ၄-၈ | အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း | ၄-၆ |
| ၄ | ၉-၁၀ | သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့် | ၆ |
| ၅ | ၁၁-၂၁ | ကုန်သွယ်လုပ်ငန်းခွန် | ၇-၃၀ |
| ၆ | ၂၂-၃၇ | ဝင်ငွေခွန် | ၃၀-၃၈ |
| ၇ | ၃၈ | အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ | ၃၈-၄၀ |
| ၈ | ၃၉ | အထွေထွေ | ၄၀-၄၁ |
| | | ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် မူလလျာထားချက် | |


www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို

ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

BURMESE CLASSIC

## အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဟု ခေါ်တွင် စေရမည်၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် -

(၁) အခန်း(၅)၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုး သက်ရောက် စေရမည်၊

www.burmeseclassic.com

www.burmeseclassic.com

(၂)အခန်း (၆)၊ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(ကက)ဤဥပဒေပုဒ်မ ၂၂ ပါလစာမှ ဝင်ငွေနှင့် ပုဒ်မ ၂၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုး သက်ရောက်စေရမည်၊

( ခခ ) ကျန်ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်မှစ၍ အကျိုး သက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က)**အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်တို့ကို ဆိုသည်၊

(ခ )ဥပဒေ ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်

www.burmeseclassic.com

www.burmeseclassic.com


အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်၊

(ဂ) နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များ ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် ညွှန်ကြားချက်များကို ဆိုသည်၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို တာဝန်ယူ ကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများကို ဆိုသည်၊

(င) ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်၊

www.burmeseclassic.com

www.burmeseclassic.com

(စ) နှုန်း ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန် အကောက်များကို ကောက်ခံရန် သတ်မှတ်ထား သည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း(၂)

## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက် ဖြစ်သည်။

## အခန်း(၃)

## အခွန်နှုန်းများ သတ်မှတ်ခြင်း နှင့် အစီရင်ခံခြင်း

၄။ ဤဥပဒေ၏ အခွန်အကောက်အမျိုးအစားများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကောက်ခံရန်

www.burmeseclassic.com

www.burmeseclassic.com


အခွန်လျာထား ချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ဤဥပဒေပါ အခွန်အကောက် နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနသို့ ပေးပို့ရမည်။

၇။ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှု စာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံ တင်ပြရမည်။

www.burmeseclassic.com

www.burmeseclassic.com



၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၈ ပုဒ်မခွဲ (၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ဖြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

## အခန်း(၄)

## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၉။ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ဤဥပဒေ၏ ပုဒ်မ ၈ ပုဒ်မခွဲ(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်များ ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၁၀။ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့် အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## ကုန်သွယ်လုပ်ငန်းခွန်

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်လိုက်သည်-

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ

### နောက်ဆက်တွဲဇယားများ

(က)မည်သူမဆို အောက်ဖော်ပြပါ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ တွင်ဖော်ပြပါရှိသည့် ကုန်စည်များမှ အပ ကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေ အပေါ်တွင် လည်းကောင်း၊ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ် လုပ်ငန်းခွန် ပေးဆောင်စေရမည်၊

(ခ )အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် ကုန်စည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း၊ နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲ ဖော်ပြပါ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည် -

### အထူးကုန်စည်များ

| စဉ် | ကုန်စည်အမျိုးအမည် | အခွန် ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက်။ | ၁၀၀ |
| ၂ | ဆေးရွက်ကြီး။ | ၅၀ |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | ၅၀ |
| ၄ | ဆေးပေါ့လိပ်။ | ၅၀ |
| ၅ | ဆေးပြင်းလိပ်။ | ၅၀ |
| ၆ | ဆေးတံသောက်ဆေးများ။ | ၅၀ |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | ၅၀ |

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၈ | အရက်အမျိုးမျိုး။ | ၅၀ |
| ၉ | ဘီယာအမျိုးမျိုး။ | ၅၀ |
| ၁၀ | ဝိုင်အမျိုးမျိုး။ | ၅၀ |
| ၁၁ | ကျွန်း၊သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၂၅ |
| ၁၂ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၃၀ |
| ၁၃ | ကျောက်စိမ်း၊ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၁၅ |
| ၁၄ | ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင် နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | ၂၅ |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁၅ | ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | ၁၀ |
| ၁၆ | သဘာဝဓာတ်ငွေ့။ | ၈ |

(ဂ)အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ။ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုး အပေါ်တွင် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် -

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစား သီးနှံ |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| | မှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံ့ဉ၊ ပီလောပီနံ့မှုန့်။ |
| ၁၄ | ဟင်းခတ် အမွှေးအကြိုင်များဖြစ်သော |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| | အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ် မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | လယ်ယာကိုင်းကျွန်းထွက် ကျွဲ နွားစာ အစို၊ အခြောက်။ |
| ၂၁ | အခြားနေရာတွင် သီးခြားဖော်ပြ ထားခြင်း မရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ စသော လယ်ယာကိုင်းကျွန်း ထွက်ကုန်များ။ |
| ၂၂ | ထင်း၊ ဝါး။ |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၂၃ | သက်ရှိ တိရစ္ဆာန်များ။ |
| ၂၄ | ပိုးအိမ်။ |
| ၂၅ | ကြိမ် အကြမ်းအချော။ |
| ၂၆ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၇ | ချိပ်များ။ |
| ၂၈ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၉ | ဆပ်ပြာမှုန့်ကြမ်း၊ ဆပ်ပြာမှုန့်။ |
| ၃၀ | အရောင်ချွတ်ဖတ်။ |
| ၃၁ | ဖန်ပြီးဝါ။ |
| ၃၂ | အုန်းဆံချည်ခင်။ |
| ၃၃ | ငှက်မွေး၊ ဘဲမွေး။ |
| ၃၄ | ထီးပိတ်များ။ |
| ၃၅ | တံဆိပ်ခေါင်းအမျိုးမျိုး။ |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၃၆ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၇ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၈ | မှျင်ငါးပိ။ |
| ၃၉ | ပုစွန်ငံပြာရည်၊ မှျင်ငံပြာရည်၊ ငါးငံပြာရည်။ |
| ၄၀ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ အခြား စားသုံးဆီ နှင့် ဆီအခဲများ။ |
| ၄၁ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၄၂ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၄၃ | ဂေါ်သီး၊ ဂေါ်သီးမှုန့်။ |
| ၄၄ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၅ | ချင်း။ |
| ၄၆ | ငါးငါးပိ။ |
| ၄၇ | မန်ကျည်းမှည့်။ |

www.burmeseclassic.com

www.burmeseclassic.com


| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၈ | နိုင်ငံတော်အလံ။ |
| ၄၉ | စိပ်ပုတီးအမျိုးမျိုး။ |
| ၅၀ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက် အမျိုးမျိုး။ |
| ၅၁ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၅၂ | အုန်းဆီ။ |
| ၅၃ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၄ | ဖရုံစေ့၊ ဖရဲစေ့။ |
| ၅၅ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်း စသည်ဖြင့်)။ |
| ၅၆ | ရေနံချေး။ |
| ၅၇ | ဆား။ |
| ၅၈ | ကြက်ပေါင်စေး။ |
| ၅၉ | ကွမ်းသီး။ |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၆၀ | ကွန်ပျူတာ(Computer)၊ တယ်လီဖုန်းဟမ်းစက်(Telephone Handset)။ |

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြု ထားသော ကုန်စည်နှင့်ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှအပ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း၊

(င) ပုဒ်မခွဲ (ခ)ပါ ကုန်စည်များအနက် အောက်ပါကုန်စည်များကို ပြည်ပမှ တင်သွင်းရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို တင်သွင်းစဉ်ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို

www.burmeseclassic.com

www.burmeseclassic.com


ခုနှိမ်ခွင့် မရှိစေရ။ အလားတူ အဆိုပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ် ရောင်းချသူထံမှ ဝယ်ယူ၍ ကုန်သွယ်မှု ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့် ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ၊ သို့ရာတွင် ကုန်စည်ကို ဆက်လက်ဝယ်ယူ ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့် အညီခုနှိမ်နိုင်သည် -

(၁) စီးကရက်၊

(၂) ဆေးရွက်ကြီး၊

(၃) ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး၊

(၄) ဆေးပေါ့လိပ်၊

(၅) ဆေးပြင်းလိပ်၊

(၆) ဆေးတံသောက်ဆေးများ၊

(၇) ကွမ်းစားဆေးအမျိုးမျိုး၊

www.burmeseclassic.com

www.burmeseclassic.com

(၈) အရက်အမျိုးမျိုး၊

(၉) ဘီယာအမျိုးမျိုး၊

(၁၀) ဝိုင်အမျိုးမျိုး။

(စ) အောက်ပါ အခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ကျန်ဝန်ဆောင်မှု လုပ်ငန်းများမှ ရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် -

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | အိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | သားသတ်လိုင်စင် ရယူဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | နာရေးကူညီမှုဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၅ | ကုန်သေတ္တာသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁၇ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင် အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်း စောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | အများသုံးသန့်စင်ခန်းအသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှု လုပ်ငန်း။ |
| ၂၂ | ပြည်ပလေကြောင်း ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း။ |
| ၂၃ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နည်းပညာနှင့် စီမံရေးရာ အကြံပေးအတိုင်ပင်ခံ ဝန်ဆောင်မှု လုပ်ငန်း။ |
| ၂၆ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း(ဘတ်စ် |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
| --- | --- |
| | ကား ၊ မီးရထား၊ ကူးတို့သင်္ဘော)။ |

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍ နှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ခြင်းမပြုရ-

(က)ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

( ခ )ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

www.burmeseclassic.com

www.burmeseclassic.com

(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း အတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅ဝ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ် လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှု တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်း တို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ် လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများ အတိုင်းတွက်ချက်၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားသည့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။ BURMESE CLASSIC

၁၄။ မည်သူမဆို အောက်ပါကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကို ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ကျသင့်အခွန်ကို

www.burmeseclassic.com

www.burmeseclassic.com

ရရှိသည့် ငွေကြေး အမျိုးအစားဖြင့် ကုန်သွယ်လုပ် ငန်းခွန် ပေးဆောင်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်ရာခိုင်နှုန်း |
|---|---|---|
| (က) | ရေနံစိမ်း။ | ၅ |
| (ခ) | သဘာဝဓာတ်ငွေ့။ | ၈ |
| (ဂ) | ကျွန်း၊သစ်မာ သစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသောသစ်ခွဲသားများ။ | ၅၀ |
| (ဃ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၃၀ |
| (င) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချော ထည်များနှင့် | ၁၀ |

www.burmeseclassic.com

www.burmeseclassic.com


| | လက်ဝတ် ရတနာ များ။ | |
|---|---|---|

၁၅။ ဤဥပဒေ ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၆။ အထက် ပုဒ်မ ၁၄ ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၁၇။ ပြည်တွင်း၌ စနစ်တကျ မှတ်ပုံတင် ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားလုပ်ငန်းရှင် သို့မဟုတ် တိုင်းရင်းသားလုပ်ငန်းရှင်များ ပိုင်ဆိုင်သည့် ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများနှင့် နိုင်ငံပိုင်စီးပွား ရေးအဖွဲ့အစည်းများမှ ထုတ်လုပ်ရောင်းချသည့် ကုန်စည်များအနေဖြင့် ဈေးကွက်အတွင်း ပြည်ပမှတင်သွင်းလာသည့် ကုန်စည်များနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေးကို အားပေးသည့် အနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်ရမည့် ကုန်စည်များအတွက် ၂ ရာခိုင်နှုန်းသာ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရန် သက်သာခွင့်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com


၁၈။ အောက်ဖော်ပြပါ ကုန်စည် အမျိုးအစားများနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်တွင်း၌ ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း ဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် မကျသင့် စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ဓာတ်မြေဩဇာ။ |
| ၂ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၃ | လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံး စက်နှင့် စက်အပိုပစ္စည်းများ။ |
| ၄ | ငါးအစာ၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။ |
| ၅ | တိရစ္ဆာန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။ |
| ၆ | တိရစ္ဆာန်သုံး ဆေးဝါးများ။ |

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ၇ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၈ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာ အင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၉ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာ ပစ္စည်းကိရိယာ တန်ဆာပလာများ။ |
| ၁၀ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။ |
| ၁၁ | အိမ်သုံးဆေးဝါးနှင့် အခြား လူသုံးဆေးဝါးအမျိုးမျိုး (နည်းဥပဒေ၊ စည်းမျဉ်းဖြင့် ကန့်သတ်ထားသော လူသုံးဆေးဝါးများမှအပ)။ |
| ၁၂ | ဆေးဝါးကုန်ကြမ်းများ။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၃ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ် အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၁၄ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၁၅ | ကွန်ဒုံး(Condom)။ |
| ၁၆ | ကာကွယ်ရေးနှင့် လုံခြုံရေး အဖွဲ့အစည်းများ သုံး ပစ္စည်း နှင့် ပစ္စည်းကိရိယာများ။ |
| ၁၇ | နယ်ဘက်ဌာနသုံးယမ်းမှုန့်အမျိုးမျိုး၊ယမ်း ဘီလူးအမျိုးမျိုးနှင့် ဆက်စပ် ပစ္စည်းများ။ |
| ၁၈ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုး စေ့၊ မျိုးပင်များ။ |

၁၉။ အောက်ဖော်ပြပါ ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ပြည်ပမှတင်သွင်းခြင်း၊ ကုန်သွယ်မှု ဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းတို့ အတွက် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုရမည်-

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ |
| --- | --- |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့် ဆိုင်သောပုံနှိပ်လုပ်ငန်းများ၊ စစ်လက်နက် ကိရိယာများ၊ အပိုပစ္စည်းများ၊ မော်တော်ယာဉ်များ။ |
| ၂ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချရန် ပစ္စည်းများ။ |
| ၃ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုရန် အတွက် တင်သွင်းသည့် မော်တော်ယာဉ်များ။ |
| ၄ | ကာကွယ်ရေးဝန်ကြီးဌာန အတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အကြောင်းအရာ |
|---|---|
| | စားသုံးရန် ဝယ်ယူ သည့်ကုန်စည်များ။ |
| ၅ | လက်ခစား အပ်ကုန်စနစ်ဖြင့် ကုန်ချော ကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက် အသုံးပြုရန် ကုန်စည်များ၊ အဆိုပါ ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၆ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များ သို့ရောင်းချပေးသည့် စက်သုံးဆီများ။ |

၂၀။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ရောင်းချသော ဂျက်လေယာဉ် ဆီများ ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည် ရောင်းချခြင်းအတွက် ၅ ရာခိုင်နှုန်းသာ ကျသင့်စေရန် သက်သာခွင့်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၁။ ဤဥပဒေ၏ အခန်း(၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)

## ဝင်ငွေခွန်

၂၂။ မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ ပစ္စည်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ နုတ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |

www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင် ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ တည်ထောင်ထားသည့် ကုမ္ပဏီ ဖြစ်လျှင် ဝင်ငွေခွန်ဥပဒေအရ သက်သာခွင့်များ မနုတ်မီ

www.burmeseclassic.com

www.burmeseclassic.com



ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း အသား တင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင် နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့် များမနုတ်မီ ပြည်ပနေ နိုင်ငံခြားသား၏ စုစုပေါင်း ဝင်ငွေ အပေါ် ၃၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ဝင်ငွေကို နိုင်ငံခြားငွေဖြင့် ရရှိခြင်းဖြစ်ပါက ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာ ခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ အပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ် ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက် တစ်ဦးလျှင် တစ်ကြိမ်သာ ခံစားခွင့်ရှိစေရမည်ဖြစ်ပြီး အသုံး ပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်း တင်ပြနိုင်သည့် ဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် အောက်ပါအခွန်နှုန်းထားများ အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဝင်ငွေခွန် စည်းကြပ်ရမည်။ ဝင်ငွေရလမ်းတင်ပြနိုင်သော ဝင်ငွေ အပေါ်အခွန်စည်းကြပ်ရန် မလို။

| ဝင်ငွေ(ကျပ်) | | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| (က) ၁ | - | ၅၀,၀၀၀,၀၀၀ | ၃ % |
| (ခ) ၅၀,၀၀၀,၀၀၁ | - | ၁၅၀,၀၀၀,၀၀၀ | ၁၀ % |
| (ဂ) ၁၅၀,၀၀၀,၀၀၁ | - | ၃၀၀,၀၀၀,၀၀၀ | ၂၀ % |
| (ဃ) ၃၀၀,၀၀၀,၀၀၁ နှင့်အထက် | | | ၃၀ % |

၂၇။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းမှအပ ဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေ အပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်း အသားတင်အမြတ် ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၉။ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ပါဝင် လုပ်ကိုင်သည့် ကုမ္ပဏီများက ကုမ္ပဏီရှိ အစုရှယ်ယာများ၊ မတည် အပိုင်ပစ္စည်းများ စသည့် အခြေပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com

ရောင်းချခြင်းမှ ဖြစ်ထွန်းပေါ်ပေါက်သည့် အခြေပစ္စည်းမှ မြတ်စွန်းငွေမှအပ ပုဂ္ဂလိက၊ သမဝါယမအသင်းနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ်တွင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်း ကြပ်ရမည်။ သို့ရာတွင် ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ၄၀ ရာခိုင် နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင် လုပ်ကိုင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီရှိ အစုရှယ်ယာများ၊ မတည်အပိုင်ပစ္စည်းများစသည့် အခြေပစ္စည်းများကို မည်သည့် နည်းလမ်းဖြင့်မဆို နိုင်ငံခြားငွေဖြင့် ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကြောင့် အခြေပစ္စည်းမှမြတ်စွန်းငွေ ပေါ်ပေါက်လျှင် အောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲ ဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည်-

**မြတ်စွန်းငွေ ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း**

(က) ညီမျှကျပ် သန်းပေါင်း(၁၀၀,၀၀၀)အထိ ၄၀ %

www.burmeseclassic.com

www.burmeseclassic.com

(ခ )ညီမျှကျပ် သန်းပေါင်း(၁၀၀,၀၀၁) မှ  ၄၅ %
(၁၅၀,၀၀၀) အထိ

(ဂ )ညီမျှကျပ် သန်းပေါင်း(၁၅၀,၀၀၁)  ၅၀%
နှင့်အထက်

၃၁။ အခြေပစ္စည်းတစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ် အခြားတစ် နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၅၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက် စေကာမူ ဝင်ငွေခွန် စည်းကြပ်ခြင်း မပြုရ။

၃၂။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်း စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း သုံးနှစ်အထိ ဝင်ငွေ ကျပ်သိန်း ၅၀ ထက်မပိုလျှင် ဝင်ငွေခွန် ပေးဆောင်ခြင်း မပြုရ။

၃၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့်(၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေ အမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံ သက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ် သိန်း ၁၀၀ ထက် မပိုစေရ။

၃၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂) အရ တစ်ဦးချင်းပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်နှင့် သားသမီးများ အတွက် အောက်ပါအတိုင်း သက်သာခွင့်ပြုရမည်-

(က)အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင်ကျပ် ၅ သိန်း၊

( ခ )သားသမီးတစ်ဦးလျှင် ကျပ် ၃ သိန်းစီ။

၃၅။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များမှ နိုင်ငံခြားငွေဖြင့် ဝင်ငွေ ရရှိလျှင် ယင်းဝင်ငွေ အပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုး အစားဖြင့်လည်းကောင်း ဝင်ငွေခွန် ပေးဆောင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com


၃၈။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ တတ်သောဆေးဝါးများ ဥပဒေအရ ဖမ်းဆီးရမှု အပေါ်ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရဝင်ငွေနှစ်အတွင်း ဆုငွေကိုတစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်း ဖြစ်စေရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၅၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှု အပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိ ခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၅၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့် အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

www.burmeseclassic.com

www.burmeseclassic.com


(ဃ) ပြည်တွင်း သို့မဟုတ်ပြည်ပအဖွဲ့အစည်း တစ်ခုခုက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုရန် လှူဒါန်းခြင်းမှ ရရှိသည့် ဝင်ငွေ။

၃၇။ ဤဥပဒေ အခန်း (၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း(၇)

## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန် တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့် အညီ စီမံ ဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ )သွင်းကုန်အတွက် လိုင်စင်ခများ၊

www.burmeseclassic.com

www.burmeseclassic.com


(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) သယ်ယူပို့ဆောင်ရေးအခွန်၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) အကောက်ခွန်၊

(ဆ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဇ) ရေခွန်၊

(ဈ) တာတမံခွန်၊

(ည) သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန်၊

(ဋ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(ဌ) အင်းအိုင်ခွန်၊

(ဍ) ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့် အခွန်၊

(ဎ) ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

www.burmeseclassic.com

www.burmeseclassic.com



(တ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊

(ထ) လျှပ်စစ်ဓာတ်အား ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန်အကောက်။

## အခန်း(၈)

## အထွေထွေ

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့် ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ ယင်းအချက်များကို ခံစားနိုင်ရန်အတွက် အခွန်ကောက်ခံရာတွင်လည်း ပြည်သူများအား ရှင်းလင်းပြောကြား သက်သာခွင့်ပြုခြင်း၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

---

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

ကျပ်သန်းပေါင်း

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၄- ၂၀၁၅ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၁၄၆၄၄၈၇.၇၇၄ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၃၄.၈၃၃ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁၂၉၁၀၈၂.၂၃၇ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၈၀၀၀.၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေ သိန်းဆု၊ | ၂၈၀၀၀.၄၁၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | သယ်ယူပို့ဆောင်ရေးအခွန်၊ | ၁၀၅၇၇၀.၂၉၄ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၀၀၀၀.၀၀၀ |
| ၂ | | | ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၁၆၆၄၉၃၂.၇၂၉ |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၁၆၆၄၉၃၂.၇၂၉ |

www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| ၃ | | | အကောက်ခွန် | ၁၉၀၀၀၀.၀၀၀ |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၁၉၀၀၀၀.၀၀၀ |
| ၄ | | | နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၁၅၇၁၁၆၀.၄၄၀ |
| | ၁ | ပြည်ထဲရေး ဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့် အခွန်၊ | ၀.၈၉၀ |
| | ၂ | လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာန | ရေခွန်၊ | ၁၀၁၆.၅၄၃ |
| | ၃ | ပြည်ထဲရေး ဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၀၂၅ |
| | ၄ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီး ဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၁၈၄၈.၀၆၁ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၇.၄၅၀ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အင်းအိုင်ခွန်၊ | ၁၀၈၃.၇၀၀ |
| | ၇ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီး ဌာန | ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့် အခွန်၊ | ၀.၅၀၀ |
| | ၈ | စွမ်းအင် ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်၊ | ၃၂၉၃၄၃.၂၇၃ |
| | ၉ | သတ္တုတွင်း ဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၄၀၀.၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| | ၁၀ | ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ခြင်း ကြောင့် ကောက်ခံသည့်အခွန်အကောက်၊ | ၁၂၂၅၀၀၀.၀၀၀ |
| | ၁၁ | လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန | လျှပ်စစ် ဓာတ်အား ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန်အကောက်၊ | ၁၁၄၆၀.၀၀၀ |
| | | | စုစုပေါင်း | ၄၈၉၀၅၈၀.၉၄၃ |

www.burmeseclassic.com